အမျိုးသားလွှတ်တော်ရုံး

သုတေသန၊ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး

သုတေသနစာတမ်းတိုအမှတ်(၅၃)

# စရိတ်နည်းခရီးသွားလုပ်ငန်း

# ZERO BUDGET TOUR




ရေးသားပြုစုသူ - ဒေါက်တာခည်ခည်အင်ကြင်း ရက်စွဲ ။ ၁၃ - ၇ - ၂၀၂၀။

ဤစာတမ်းတိုနှင့်ပတ်သက်၍သတိပြုရန်အချက်များအားနောက်ဆုံးစာမျက်နှာတွင်ဖော်ပြထားပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အကျဉ်းချုပ် | ၁ |
| ၂။ | မြန်မာ့ခရီးသွားလုပ်ငန်း | ၂ |
| ၃။ | Zero Budget Tour အကြောင်း | ၄ |
| ၄။ | Zero Budget Tour များ မြန်မာနိုင်ငံသို့ ရောက်ရှိလာပုံ | ၅ |
| ၅။ | Zero Budget Tour အပေါ် ကဏ္ဍပေါင်းစုံ၏ အမြင် | ၁၃ |
| ၆။ | Zero- Budget နှင့် ၎င်း၏သက်ရောက်မှုများ | ၁၇ |
| ၇။ | Zero Budget Tour၏ ဒုက္ခခံစားခဲ့ရသော နိုင်ငံများနှင့် ၎င်းတို့၏ဆောင်ရွက်ချက်များ | ၂၁ |
| ၈။ | ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ | ၂၂ |
| ၉။ | နိဂုံး | ၂၅ |

## အကျဉ်းချုပ်

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးကို ဘက်စုံကဏ္ဍစုံမှဖွံ့ဖြိုး တိုးတက်စေနိုင်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ခရီးသွားလုပ်ငန်းကို အလေးအနက် ထားလုပ်ကိုင်လျက်ရှိကြသည်။ လှပသောရှုခင်းများ၊ ရှေးဟောင်းအမွေအနှစ်များ များစွာ ရှိသောမြန်မာနိုင်ငံသည်လည်း ခရီးသွားလုပ်ငန်းကို အလေးပေးလုပ်ကိုင်လျက်ရှိရာ နိုင်ငံ၏စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။ အပြိုင်အဆိုင်များလာသောစီးပွားရေးခေတ်ကြီးတွင် ဈေးသက်သက်သာသာဖြင့်စုပေါင်း ခရီးသွားခြင်း(Package Tour)ကို လူတိုင်းစိတ်ဝင်စားလာကြသလို စရိတ်နည်းခရီးသွား လုပ်ငန်း(Zero Budget Tour)ကို အကောင်အထည်ဖော်လာသော စီးပွားရေးလုပ်ငန်းရှင် များလည်း များပြားလာခဲ့သည်။ စီးပွားရေးနောက်ကျနေသော မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကိုအမှီပြု၍ နိုင်ငံ့စီးပွားအင်အားတောင့်တင်းလာအောင် ကြိုးစားနေချိန် တွင် အဆိုပါစရိတ်နည်းခရီးသွားလုပ်ငန်းများ ဝင်ရောက်လာသောအခါ နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုများ များစွာဖြစ်ပေါ်လာပါသည်။ ဤစာတမ်းတိုသည် စရိတ်နည်းခရီးသွား လုပ်ငန်းများ စတင်ဖြစ်ပေါ်လာပုံ၊ မြန်မာနိုင်ငံသို့မည်သည့် အချိန်တွင်မည်သို့ရောက်ရှိ လာပုံ၊ မြန်မာနိုင်ငံအပေါ်၎င်း၏သက်ရောက်မှုများ၊ အစိုးရက တာဝန်ခံ၊ တာဝန်ယူလုပ် ဆောင်နေမှုတို့ကို ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

## မြန်မာ့ခရီးသွားလုပ်ငန်း

၁။ ခရီးသွားလုပ်ငန်းဆိုသည်မှာ မိမိတို့နေထိုင်ရာဒေသမှ အခြားနေရာခရီးစဉ်ဒေသ တစ်ခုခုသို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ခရီးသွားသူ ခရီးသည်များကို ခရီးသွားလာခြင်းနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသောလုပ်ငန်းကိုဆိုသည်။ ခရီးသွားလုပ်ငန်းတွင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်တည်းခိုခန်း လုပ်ငန်း၊ ခရီးသွားဧည့်လမ်းညွှန်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်း နှင့် လူသုံးကုန်ရောင်းချမှုလုပ်ငန်းနှင့် ဖျော်ဖြေမှုလုပ်ငန်းတို့ပါဝင်သည်။ ခရီးသွားလုပ်ငန်း သည် အားလုံးပါဝင်သည့်စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့် အစိုးရ၏ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးလုပ်ငန်းများကို များစွာအထောက်အကူဖြစ်စေပါသည်။

၂။ မီးခိုးမထွက်သောစက်ရုံဟုတင်စားကြသော ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံ အသီးသီးက အလေးအနက်ထားလုပ်ကိုင်လျက်ရှိကြသည်။ လှပသောရှုခင်းများ၊ ရှေးဟောင်းအမွေအနှစ်များ များစွာရှိသောမြန်မာနိုင်ငံသည်လည်း ခရီးသွားလုပ်ငန်းကို အရေးပေးလုပ်ကိုင်လျက်ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်း များစွာအထီးကျန်ခဲ့ခြင်းကြောင့်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း ကြောင့်လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်တွင်းအေးချမ်းတည်ငြိမ်မှု အားနည်းခြင်းကြောင့်လည်းကောင်း ခရီးသွားလုပ်ငန်းမှာများစွာတိုးတက်ခြင်း မရှိသေး သဖြင့် အကျိုးအမြတ်များလည်းများစွာမရရှိသေးပေ။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးရေး

တိုးတက်ရန်အတွက် ၂၀၁၁ခုနှစ်၊မတ်လမှစတင်၍ မြန်မာ့ခရီးသွားလုပ်ငန်းမဟာဗျူဟာ ပြုပြင်ပြောင်းလဲမှုများကိုစတင်ခဲ့သည်။ ထိုသို့ပြောင်းလဲမှုများကြောင့် ကမ္ဘာလှည့်ခရီးသွားအများအပြားက မြန်မာကိုသိရှိလာပြီး အကျိုးအမြတ် အတန်အသင့်ရရှိခဲ့သည်။ ဥပမာ- ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ပျူခေတ်ရှေးဟောင်းဒေသများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းစသည့် ရှေးဟောင်းနယ်မြေများကို UNESCO World Heritage Site အဖြစ် သတ်မှတ်ခံခဲ့ရပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၆ ရက်တွင် ရှေးဟောင်းယဉ်ကျေးမှု အထိမ်းအမှတ်နယ်မြေဖြစ်သည့် ပုဂံဒေသကိုလည်း UNESCO ၏ World Heritage Site အဖြစ် ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်သတ်မှတ်ခဲ့သည်။ WTTC (World Travel and Tourism Council)၏စစ်တမ်းများအရ ၂၀၁၈ခုနှစ် မြန်မာ့ခရီးသွားလုပ်ငန်း မှရရှိသောအကျိုးအမြတ်မှာ နိုင်ငံGDP၏ ၂.၁% ရှိပြီး စုစုပေါင်း အလုပ်အကိုင်၏ ၅.၉%၊ ပြည်ပပို့ကုန်၏၂၀% ကိုပေးအပ်နိုင်ကြောင်း သိရသည်။

၃။ သို့ရာတွင် မြန်မာနိုင်ငံသည် လှပသောရှုခင်းများ၊ ရှေးဟောင်းအမွေအနှစ်များက ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော်လည်း နေရာဒေသအလိုက် မတူညီသောအခင်းအကျင်း၊ အစီအမံများ လုပ်ဆောင်ရန်လိုအပ်ခြင်း၊ ဒေသခံများ အတွက် ခရီးသွားလုပ်ငန်းမှ ရရှိသောခံစားခွင့်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ အကျိုးအမြတ် နည်းခြင်း၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပျော်ရွှင်လုံခြုံစွာသွားလာလည်ပတ်

နေထိုင်စားသောက်ရန်လုံခြုံမှုအားနည်းခြင်းစသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကိုရေရှည်တွင် ဆက်လက်ထိန်းသိမ်းမထားနိုင်သည့်အန္တရာယ်များနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။

## Zero Budget Tour အကြောင်း

၄။ အပြိုင်အဆိုင်များလာသောစီးပွားရေးခေတ်ကြီးတွင် စျေးသက်သက်သာသာဖြင့် ခရီးသွားခြင်းကို လူတိုင်းစိတ်ဝင်စားလာကြသလို စရိတ်နည်းခရီးသွားလုပ်ငန်း(Zero Budget Tour)ကို အကောင်အထည်ဖော်လာသော စီးပွားရေးလုပ်ငန်းရှင်များလည်း များပြားလာခဲ့သည်။ ယခုမျက်မှောက်ကာလတွင် Zero Budget Tour သည် တရုတ်နိုင်ငံရှိ ခရီးသွားအေဂျင်စီများက စျေးနှုန်းသက်သာသောခရီးသွားအစီအစဉ်များကို စီစဉ်ပေးသည့် Package tour များကစတင်လာခဲ့ခြင်းဖြစ်သည်။ Package tour ဆိုသည်မှာ ယင်းခရီးစဉ်တွင် သွားရောက်လည်ပတ်ရာ၌ သွားလာနေထိုင်စားသောက်စရိတ်များပါ တစ်ခါတည်း သတ်မှတ်ကောက်ခံခြင်းဖြစ်သည်။ Package tour ခရီးစဉ်တွင်ပါဝင်သည့်ခရီးသည်များကို သတ်မှတ်ထားသည့်စားသောက်ဆိုင်များတွင် သတ်မှတ်ထားသည့် အစားအစာကိုသာစားသောက်စေခြင်း၊ ဝန်ဆောင်မှုအသင့်အတင့်ရှိသောတည်းခိုခန်း၊ ဟိုတယ်များတွင်တည်းခိုစေခြင်း၊ ကြိုတင်ညှိနှိုင်းထားသည့် အမှတ်တရအရောင်းဆိုင်များတွင်သာ စျေးဝယ်စေခြင်း၊ သတ်မှတ်ထားသည့်နေရာများကိုသာ လည်ပတ်ခွင့်ရှိခြင်း၊ ခရီးသွားများ၏နိုင်ငံကူးလက်မှတ်များကို Tour Leader မှသိမ်းဆည်းထားခြင်းစသည့် ကန့်သတ်ချက်များစွာရှိသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက်

ခရီးသွားအေဂျင်စီများနှင့် သွားရောက်လည်ပတ်သောနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများ သည် တစ်ဦးတစ်ယောက်(သို့မဟုတ်) တစ်နေရာတည်းကပင် ချိတ်ဆက်ထားခြင်း (သို့မဟုတ်) ပိုင်ဆိုင်နေခြင်းကြောင့် အဆိုပါခရီးစဉ်က ရရှိသောအကျိုးအမြတ်များသည် တစ်ဘက်တည်းသို့သာစီးဝင်သွားလေ့ရှိသဖြင့် Zero Benefit Tour ဟုလည်းခေါ်ဆို ကြသည်။ ယင်းသို့ပြုလုပ်ခြင်းကြောင့် ခရီးသွားများ လာရောက်လည်ပတ်သည့်နိုင်ငံမှာ ပြည်ဝင်ခွင့်အခကြေးငွေ(Visa Fee)သာရရှိပြီး မည်သည့်ဝင်ငွေမျှမရရှိခြင်းကြောင့်ကမ္ဘာ့ နိုင်ငံအသီးသီးက Zero Budget Tour ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

**Zero Budget Tour များ မြန်မာနိုင်ငံသို့ရောက်ရှိလာပုံ**

၅။ ၂၀၁၁ခုနှစ်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲပြီးနောက် ၂၀၁၂ခုနှစ်မှစ၍ နိုင်ငံ၏ခရီး သွားလုပ်ငန်းကိုမြှင့်တင်လာခဲ့သည်။ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေ ရန် နိုင်ငံခြားသားဧည့်သည်များ ပြည်တွင်းသို့ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေရေး အတွက် Committee on Smooth Entrance of Foreign Visitors to Myanmar ကိုလည်း ဖွဲ့စည်းခဲ့သည်။ စစ်တမ်းများအရ ၂၀၁၂ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းမှ ရရှိသောဝင်ငွေများမှာ အောက်ပါအတိုင်းဖြစ်သည်။

| ခုနှစ် | ဝင်ငွေ(အမေရိကန် ဒေါ်လာသန်း) |
|---|---|
| ၂၀၁၂ | ၅၃၄ |
| ၂၀၁၃ | ၉၂၆ |
| ၂၀၁၄ | ၁၇၈၉ |
| ၂၀၁၅ | ၂၁၂၂ |
| ၂၀၁၆ | ၂၁၉၇ |
| ၂၀၁၇ | ၁၉၆၉ |
| ၂၀၁၈ | ၁၆၅၁ |

ဇယား(၁)။ ။ခရီးသွားလုပ်ငန်းကြောင့် နှစ်စဉ်ရရှိသောဝင်ငွေများ (၂၀၁၂-၂၀၁၈)[1]

၆။ အထက်ပါဇယားအရ မြန်မာ့ခရီးသွားလုပ်ငန်း၏ဝင်ငွေမှာ ၂၀၁၂ခုနှစ်မှစ၍ တရိပ်ရိပ်တက်လာခဲ့သော်လည်း ၂၀၁၇ခုနှစ်တွင် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့သောကြောင့် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ ဖိအားပေးမှုအမျိုးမျိုးခံရပြီး အနောက်နိုင်ငံမှပြည်ပခရီးသွားများ သိသိသာသာကျဆင်းသွားခဲ့သည်။ ယင်းသို့ဖြစ်ပေါ်လာချိန်တွင် မြန်မာအစိုးရသည်လည်း ကမ္ဘာ့ဇာတ်ခုံပေါ်တွင် မြေပြင်အခြေအနေ အစစ်အမှန်ချပြခွင့်မရခဲ့ပေ။ ထို့ကြောင့် လျော့နည်းသွားသော အနောက်ဥရောပခရီးသည်များအစား အရှေ့အာရှခရီးသည်များ အစားထိုးရန် အရှေ့မျှော်ဝါဒကို စတင်အကောင်အထည်ဖော်လာခဲ့သည်။ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှစ၍ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ ခရီးသည်များကို ဗီဇာကင်းလွတ်ခွင့်ပြုခဲ့သည်။

[1] https://www.ceicdata.com/en/indicator/myanmar/tourism-revenue (15.1.2020)

ဈေးနှုန်း သက်သာသော Package Tour များကိုလည်း ခွင့်ပြုခဲ့သည်။ ထိုသို့ သတ်မှတ်လိုက်ခြင်းကြောင့် အရှေ့တိုင်းမှခရီးသည်များ၊ အထူးသဖြင့် တရုတ်ခရီးသွားဦးရေမြင့်တက်လာခဲ့သည်။ ထိုမှတဆင့် ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ မကာအိုနိုင်ငံများမှ ဝင်ရောက်မည့် ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့် ခွင့်ပြုပေးခြင်း၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ(Arrival Visa)ခွင့်ပြုပေးခြင်း၊ နိုင်ငံအလိုက် တိုက်ရိုက်ပျံသန်းမည့် လေကြောင်းခရီးစဉ်များ လက်ခံချိတ်ဆက်ခြင်းများ ဆောင်ရွက် ပေးခဲ့ပါသည်။ ထို့အပြင်အီတလီ၊ စပိန်၊ ဆွစ်ဇာလန်၊ ဂျာမနီနှင့် ရုရှားစသည့် အနောက်ဥရောပနိုင်ငံများ၊ သမုဒ္ဒရာပိုင်းဒေသရှိ ဩစတြေးလျနိုင်ငံများမှ ဧည့်သည်များအား ဆိုက်ရောက်ဗီဇာထုတ်ပေးသည့်စနစ်ဖြင့် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ခွင့်ပြုခြင်းဖြင့် ဖြေလျှော့ပေးခဲ့ပြန်ပါသည်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ဩစတြီးယား၊ ချက်ပြည်သူ့သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ နယ်ဗူးဇီလန်နှင့် လူဇင်ဘာ့ခ်နိုင်ငံများကိုလည်း ဆိုက်ရောက်ဗီဇာခွင့်ပြုခဲ့သည်။ အာဆီယံအသင်းကြီး၏ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်အရ အသင်းဝင်နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားတစ်ဦးသည် တရားဝင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ပါက အခြားအာဆီယံနိုင်ငံတစ်ခုခုသို့ သွားရောက်လျှင် ဗီဇာမလိုဘဲ(၁၄)ရက်နေထိုင်ခွင့်ရှိသည်။ ထိုသို့ဖြေလျှော့ပေးမှုများနောက်ပိုင်း ၂၀၁၈ခုနှစ်နှင့် ၂၀၁၉ခုနှစ်အတွင်း ခရီးသွားဧည့်သည်အရေအတွက်နှိုင်းယှဉ်မှုကို အောက်ပါဇယားတွင် တွေ့နိုင်သည်-

| အကြောင်းအရာ | ၂၀၁၈ ဇန်နဝါရီမှ ဒီဇင်ဘာထိ | ၂၀၁၉ ဇန်နဝါရီမှ ဒီဇင်ဘာထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|
| လေကြောင်းဖြင့်လာရောက်သူများ | ၁၃၃၅၇၁၄ | ၁၇၉၂၃၅၃ | ၄၅၆၆၃၉ | (+) ၃၄ % |
| အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၉၃၇၀ | ၈၇၀၁ | -၆၆၉ | (+) ၇ % |
| နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိလာရောက်သူများ | ၅၃၀၁၄ | ၁၂၉၃၇၁ | ၇၆၃၅၇ | (+) ၁၄၄ % |
| ဗီဇာဖြင့်လာရောက်သူပေါင်း | ၁၃၉၈၀၉၈ | ၁၉၃၀၄၂၅ | ၅၃၂၃၂၇ | (+) ၃၈ % |
| နယ်စပ်တွင်ဝင်ရောက်သူများ | ၂၁၅၃၃၃၀ | ၂၄၃၃၆၇၆ | ၂၈၀၃၄၆ | (+) ၁၃ % |
| စုစုပေါင်း | ၃၅၅၁၄၂၈ | ၄၃၆၄၁၀၁ | ၈၁၂၆၇၃ | (+) ၂၃ % |

ဇယား(၂)။ ။၂၀၁၈-၂၀၁၉ ခုနှစ်များတွင် လာရောက်သောနိုင်ငံခြားခရီးသွားဧည့်သည်များ နှိုင်းယှဉ်မှုပြဇယား၁

၇။ အဆိုပါဇယားမှ နိုင်ငံများအလိုက်အသေးစိတ်ထပ်မံခွဲခြားချက်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| နိုင်ငံသား | ၂၀၁၈ ဇန္နဝါရီမှ ဒီဇင်ဘာထိ (ယောက်) | ၂၀၁၉ ဇန္နဝါရီမှ ဒီဇင်ဘာထိ (ယောက်) | ခြားနားမှု (ယောက်) | ရာခိုင်နှုန်း |
|---|---|---|---|---|
| အမေရိကန်နိုင်ငံ | ၇၈၀၆ | ၈၅၉၄ | ၇၈၈ | ၁၀.၀၀% |
| ကနေဒါနိုင်ငံ | ၁၁၃၃ | ၁၂၃၄ | ၁၀၁ | ၉.၀၀% |
| အခြားအမေရိကနိုင်ငံများ | ၁၁၃၇ | ၁၁၀၅ | -၃၂ | -၃.၀၀% |
| ပြင်သစ်နိုင်ငံ | ၄၄၁၁ | ၄၄၁၃ | ၂ | ၀.၀၀% |
| အင်္ဂလန်နိုင်ငံ | ၃၁၆၇ | ၃၂၅၂ | ၈၅ | ၃.၀၀% |
| ဂျာမနီနိုင်ငံ | ၃၃၀၇ | ၃၆၁၇ | ၃၁၀ | ၉.၀၀% |
| အီတလီနိုင်ငံ | ၂၇၄၇ | ၃၁၇၉ | ၄၃၂ | ၁၆.၀၀% |
| ဆွစ်ဇလန်နိုင်ငံ | ၁၂၈၈ | ၁၂၅၆ | -၃၂ | -၂.၀၀% |
| နယ်သာလန်နိုင်ငံ | ၉၅၀ | ၁၀၅၄ | ၁၀၄ | ၁၁.၀၀% |
| ဘယ်လ်ဂျီယံနိုင်ငံ | ၇၁၀ | ၆၉၁ | -၁၉ | -၃.၀၀% |
| သြစတြီးယားနိုင်ငံ | ၄၈၄ | ၅၁၃ | ၂၉ | ၆.၀၀% |
| စပိန်နိုင်ငံ | ၉၂၃ | ၁၂၁၁ | ၂၈၈ | ၃၁.၀၀% |
| အနောက်ဥရောပနိုင်ငံများ | ၁၉၆၆ | ၂၃၁၃ | ၃၄၇ | ၁၈.၀၀% |
| ရုရှားနိုင်ငံ | ၈၁၉ | ၈၄၉ | ၃၀ | ၄.၀၀% |
| အရှေ့ဥရောပနိုင်ငံများ | ၁၄၆၂ | ၁၈၅၅ | ၃၉၃ | ၂၇.၀၀% |
| အာဖရိကတိုက် | ၄၃၂ | ၅၃၅ | ၁၀၃ | ၂၄.၀၀% |
| ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံများ | ၆၅၂ | ၆၃၈ | -၁၄ | -၂.၀၀% |
| **တရုတ်နိုင်ငံ** | **၃၇၈၀၈** | **၈၂၀၁၉** | **၄၄၂၁၁** | **၁၁၇.၀၀%** |

| နိုင်ငံသား | ၂၀၁၈ ဇန္နဝါရီမှ ဒီဇင်ဘာထိ (ယောက်) | ၂၀၁၉ ဇန္နဝါရီမှ ဒီဇင်ဘာထိ (ယောက်) | ခြားနားမှု (ယောက်) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ထိုင်းနိုင်ငံ | ၂၉၃၃၅ | ၂၉၅၂၄ | ၁၈၉ | ၁.၀၀% |
| ကိုရီးယားနိုင်ငံ | ၉၉၄၁ | ၁၀၃၂၈ | ၃၈၇ | ၄.၀၀% |
| ဂျပန်နိုင်ငံ | ၁၁၀၈၂ | ၁၂၀၇၈ | ၉၉၆ | ၉.၀၀% |
| စင်ကာပူနိုင်ငံ | ၇၅၅၆ | ၇၈၆၀ | ၃၀၄ | ၄.၀၀% |
| ဗီယက်နမ်နိုင်ငံ | ၄၂၀၉ | ၄၃၉၁ | ၁၈၂ | ၄.၀၀% |
| အိန္ဒိယနိုင်ငံ | ၄၁၃၇ | ၅၃၈၃ | ၁၂၄၆ | ၃၀.၀၀% |
| မလေးရှားနိုင်ငံ | ၅၅၉၀ | ၅၃၉၀ | -၂၀၀ | -၄.၀၀% |
| ထိုင်ဝမ် | ၃၄၂၇ | ၃၆၉၀ | ၂၆၃ | ၈.၀၀% |
| ဟောင်ကောင် | ၂၆၄၅ | ၃၃၀၀ | ၆၅၅ | ၂၅.၀၀% |
| မကာအို | ၃၃၆ | ၄၈၄ | ၁၄၈ | ၄၄.၀၀% |
| ဖိလစ်ပိုင်နိုင်ငံ | ၁၂၈၇ | ၁၃၁၅ | ၂၈ | ၂.၀၀% |
| အခြားအာရှနိုင်ငံများ | ၄၄၇၁ | ၄၉၂၂ | ၄၅၁ | ၁၀.၀၀% |
| ဩစတြေးလျနိုင်ငံ | ၃၉၁၈ | ၃၆၉၀ | -၂၂၈ | -၆.၀၀% |
| နယူးဇီလန်နိုင်ငံ | ၅၇၄ | ၅၇၄ | ၀ | ၀.၀၀% |
| သမုဒ္ဒရာနိုင်ငံများ | ၁၁ | ၂၅ | ၁၄ | ၁၂၇.၀၀ % |
| စုစုပေါင်း | ၁၅၉၇၂၁ | ၂၁၁၂၈၂ | ၅၁၅၆၁ | ၃၂.၀၀% |

ဇယား(၃)။ ။ နိုင်ငံအလိုက် လာရောက်သောနိုင်ငံခြားခရီးသွားဧည့်သည်များနှိုင်းယှဉ်မှုပြဇယား[2]

[2] Statistics Data from Ministry of Hotels and Tourism, https://tourism.gov.mm/mm/%e1%81%82%e1%81%80%e1%81%81%e1%81%89-

၈။ ဇယား(၃)အရ ပြည်ဝင်ခွင့်ဖြေလျှော့ခြင်း၊ လေကြောင်းခရီးစဉ်များတိုးမြှင့်လက်ခံပေးလာခြင်း၊ ဈေးနှုန်းသက်သာသော Package Tour များအားလက်ခံပေးခြင်း စသော ဖြေလျှော့မှုများအပြီးတွင် များပြားလာသောခရီးသွားများမှာ တရုတ်ခရီးသွားများဖြစ်သည်။ ၂၀၁၈-၂၀၁၉ခုနှစ် နိုင်းယှဉ်မှုပြဇယားတွင် တရုတ်ခရီးသွားများမှာ ယခင်ကထက် ၂ဆကျော် တိုးတက်လာသည်ကိုတွေ့ရသည်။ အဆိုပါ Package Tour များကိုစီစဉ်သောတရုတ်ခရီးသွားကုမ္ပဏီများသည် သွားရောက်လည်ပတ်မည့်နိုင်ငံရှိ ဒေသခံတရုတ်လူမျိုးများ (သို့မဟုတ်) ထိုနိုင်ငံသို့အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသောတရုတ်နိုင်ငံသားများနှင့်ပူးပေါင်းပြီး သွားရောက်လည်ပတ်သည့်အခါတွင် မည်သည့်အပိုအခကြေးငွေမျှကုန်ကျမည်မဟုတ်ဘဲ နေထိုင်စားသောက်စရိတ်များပါပြီးသော ဈေးအသက်သာဆုံးစီမံပေးထားသည့် Package Tour များကို စီစဉ်လာကြသည်။ သွားရောက်လည်ပတ်လိုသူများကို ဈေးအသက်သာဆုံးစီမံပေးထားသော အဆိုပါခရီးစဉ်များသည် သွားရောက်လည်ပတ်သည့်အိမ်ရှင်နိုင်ငံအား ရရှိလာမည့်အကျိုးခံစားခွင့်များကို နည်းသထက်နည်းအောင် ပြုလုပ်ထားသဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော Package Tour များသည် အကျိုးအမြတ်နည်းသောခရီးသွားလုပ်ငန်း (Zero Budget Tour) သို့မဟုတ် (Zero Benefit Tour)များဖြစ်လာသည်။ Zero Budget Tour များကြောင့် ခရီးသွားဦးရေ

---

%e1%80%81%e1%80%af%e1%80%94%e1%80%be%e1%80%85%e1%80%ba-%e1%80%95%e1%80%bc%e1%80%8a%e1%80%ba%e1%80%95%e1%80%a7%e1%80%8a%e1%80%b7%e1%80%ba%e1%80%9e%e1%80%8a-2/

(Accepted date 6.3.2020)

များပြားလာသော်လည်း ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဝင်ငွေအများဆုံးရရှိခဲ့သော အာဆီယံ(၁၀)နိုင်ငံများစာရင်းတွင်မြန်မာနိုင်ငံသည် အဆင့်(၈)သာရှိခဲ့ကြောင်း သိရသည်။

| **နိုင်ငံ** | **ခရီးသွားလုပ်ငန်းမှရရှိသောဝင်ငွေ US$ (Billion)** |
|---|---|
| ထိုင်း | ၆၆.၄၅ |
| မလေးရှား | ၂၀.၂၂ |
| စင်ကာပူ | ၁၉.၈၈ |
| အင်ဒိုနီးရှား | ၁၄.၁၂ |
| ဗီယက်နမ် | ၈.၈၉ |
| ဖိလစ်ပိုင် | ၈.၃၅ |
| ကမ္ဘောဒီးယား | ၄.၃၅ |
| **မြန်မာ** | ၂.၂၈ |
| လာအို | ၀.၇၇ |
| ဘရူနိုင်းဒါရူဆလမ် | ၀.၁၈ |

ဇယား(၄)။ ။ အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိမှုများပြပုံ[3]

[3] http://thevoicemyanmar.com/relax-tip/33931-crt (Accepted date- 6.3.2020)




ပုံ(၁)။ ။ အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိမှုများပြမြေပုံ[4]

## Zero Budget Tour အပေါ် ကဏ္ဍပေါင်းစုံ၏အမြင်

၉။ ၂၀၁၉ခုနှစ်၊ မေ ၂၁ ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနတွင် အစိုးရ၏တတိယတစ်နှစ်တာ သတင်းစာရှင်းလင်းပွဲ၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တရုတ်ခရီးသွားဝင်ရောက်မှုနှင့်ပတ်သက်ပြီး အကျိုးရှိပုံများနှင့်ပတ်သက်၍ “တရုတ်ခရီးသွားဦးရေ Package Tour With Flight Only ဆိုပြီးတော့မှ ကန့်သတ်ချက်တစ်ခုနဲ့ ထားပြီးတော့မှ ဖော်ဆောင်ခဲ့ပါတယ်။ ဖော်ဆောင်ခဲ့တဲ့အတိုင်းပဲ တရုတ်ခရီးသည်တွေ အများကြီးလာတယ်။ ဒီခရီးသည်တွေကို ဘယ်သူကပို့ပေးလဲ။ ဘယ်သူက ဒီဘက်မှာ Resource Market လုပ်လဲ။ လက်ခံသလဲ။

[4] http://thevoicemyanmar.com/relax-tip/33931-crt (Accepted date- 6.3.2020)

ဒါကို ထည့်ပြီးတော့ စဉ်းစားရမယ်။ ခရီးစဉ်တစ်ခု ဖြစ်ပေါ်လာဖို့ သူ့ဟာသူတော့ မလာပါဘူး။ ဒါကြောင့်မို့လို့ Package Tour နဲ့ လုပ်တဲ့အတွက် ထိန်းသိမ်းရတာ လွယ်ကူအောင်လို့ လုပ်ထားတာဖြစ်တယ်။ အဲဒီတော့ တရုတ်တွေက ကျွန်တော်တို့ထက်လည်လို့ ကျွန်တော်တို့ထက် ပိုက်ဆံပိုရှိလို့ ဒီဟိုတယ်ကိုငှားတယ်။ ဒီဟိုတယ်ကိုဝယ်တယ်။ ဒီစားသောက်ဆိုင်ကိုငှားတယ်။ ဒီ Guide ကိုငှားတယ်။ ဒီကားကို ငှားတယ်။ ငှားတယ်၊ ငှားတယ် ဆိုကတည်းကကိုက ဝယ်တယ်၊ ဝယ်တယ် ဝယ်တယ် ဆိုကတည်းကိုက မြန်မာနိုင်ငံသားတွေ ပိုက်ဆံမရဘူးလား။ ဘယ်လိုလုပ်ပြီး Zero Budget ဖြစ်မှာလဲ။ ခင်ဗျားဖြေကြည့်လေ။ ငှားတယ်လေ။ ပိုက်ဆံနဲ့မငှား ဘာတွေရလဲ။ ဝယ်တယ်လေ။ ပိုက်ဆံနဲ့မပေး ဘယ်လိုရောင်းမလဲ” ဟုပြောကြားခဲ့သည်။[၅] ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်မှာ တရုတ်ခရီးသွားများသည်လည်း ခရီးစဉ်အတွက်ငွေကြေးသုံးစွဲခြင်းကြောင့် Zero Budget Tour ဟူ၍မရှိပေ။

၁၀။ ၂၃.၆.၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ အယ်ဒီတာ့အာဘော်အခန်းကဏ္ဍတွင် “Zero ၏အဆုံးမဲ့တန်ဖိုး”ဆောင်းပါးဖြင့် “ယခုတရုတ်ခရီးသွားများ ဝင်ရောက်နေခြင်းမှာ Zero Budget Tour မဟုတ်ကြောင်း၊ ၂၀၁၉ခုနှစ်အစောပိုင်း၄လတွင် ဝင်ရောက်ထားပြီးသည့်တရုတ်ခရီးသည်အရေအတွက် ၂၁၂၄၁၉ ဦးနှင့်တွက်ပါကမြန်မာငွေကျပ် ၁၂၇၄၅၁ ကျပ်သန်းခန့်ဝင်နေပြီဖြစ်ကြောင်း” ရှင်းပြထားသည်။

---

[၅] အယ်ဒီတာအာဘော်၊ အရှေ့မျှော်ဝါဒ ခရီးသွားလုပ်ငန်းနဲ့ တရုတ်ကယူဆောင်လာတဲ့ဇီးရိုးဘတ်ဂျက်တိုရစ်ဇင်၊ ၂၆.၅.၂၀၁၉။ (Available from: https://news-eleven.com/article/111346, Accepted date- 16.1.2020)

၁၁။ သို့ရာတွင် လုပ်ငန်းရှင်များ၏အမြင်မှာမူ အစိုးရ၏အမြင်နှင့်ကွဲလွဲမှုများ ရှိနေသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးနောင်းနောင်း ဟန်က "တရုတ် ခရီးသွားဝင်တယ်။ ပိုက်ဆံမရဘူး မဟုတ်ဘူး။ ရတော့ ရတယ်။ တူတူ တန်တန် မရဘူး။ ရသင့်ရထိုက်တဲ့ ပမာဏမရဘူး" ဟု ပြောကြားသည်။ "Zero Budget Tour ဆိုတာက မသမာတဲ့ တရုတ်ခရီးသွား လုပ်ငန်းရှင်က ဌာနေကိုယ်စားလှယ်တွေနဲ့ ပေါင်းပြီးလုပ်တဲ့ ရိုက်စားဂွင်တွေ" ဟု Nature Dream Travel ခရီးသွားကုမ္ပဏီမှ ဒေါ်စံပယ်အောင်က ဝေဖန်ပြောကြားသည်။ Chinese Tour Guide Committee မှ တရုတ်ဂိုက် စိုင်းစိုးဟန်က "Zero Budget Tour များသည် နှစ်တိုအကျိုးစီးပွားများကို သာသယ်ဆောင်လာပြီး၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နှစ်ရှည် အကျိုးစီးပွားအတွက် သေချာစဉ်းစားသုံးသပ်စေလိုကြောင်း" ပြောကြားထားသည်။[6] Chinese Tour Guide တစ်ဦးဖြစ်သော ဦးပန်းမင်ကလည်း " တရုတ်ခရီးသွားများကို အွန်လိုင်းငွေပေးချေမှုမပြုလုပ်အောင် ထိန်းချုပ်ရန်မှာခက်ခဲကြောင်း၊ ၎င်းတို့သည် တစ် နိုင်ငံတည်းကလာခြင်းဖြစ်ပြီး၊ ၎င်းတို့တွင်ငွေပေးချေမှုပုံစံအမျိုးမျိုးရှိနိုင်ကြောင်း၊ ကြိုတင် အသိပေးခြင်းမရှိသောစစ်ဆေးမှုမျိုးပြုလုပ်ပြီး အကောက်ခွန်များကိုကောက်ခံသင့်ကြောင်း၊

---

[6] YE MON , Zero budget, zero benefit?, FRONTIER, ၃.၁၂.၂၀၁၈. [ Available from: https://frontiermyanmar.net/en/zero-budget-zero-benefit (Accepted date- 20.1.2020)]

ငင်းတို့ပေးလာသည့် ဘောက်ချာများတွင်ရေးသားထားသော ပစ္စည်း၏ကာလတန်ဖိုး မှန်မမှန်ကိုလည်းစစ်ဆေးသင့်ကြောင်း” ပြောကြားထားသည်။ ၇

၁၂။ တရုတ်-မြန်မာသတင်းအချက်အလက်များကို ရေးသားဖော်ပြလေ့ရှိသော ကွန်ယက်ပေါက်ဖော် website တွင် “Zero Budget Tour သို့မဟုတ် ဂျင်းခရီးသွားလုပ်ငန်း” ၁၂၊၂၃ ဆောင်းပါးများ၊ “Zero Dollar Tourisim” စသောဆောင်းပါးများတွင် Zero Budget Tour သည် တရုတ်နိုင်ငံရှိခရီးသွားလုပ်ငန်းအုပ်စုများ၏ဖန်တီးမှုဖြစ်ကြောင်း၊ Zero Budget Tour သည် ဝင်လာသည့်ခရီးသည်အရေအတွက်ကိန်းဂဏန်းတိုးရုံမှလွဲ၍ မည်သည့်နိုင်ငံကိုမျှကောင်းကျိုးပြုခဲ့ခြင်းမရှိကြောင်း၊ Zero Budget Tour များကို ထိန်းချုပ်နိုင်ရန်အတွက် ခိုင်မာအားကောင်းသောဥပဒေများလိုအပ်ကြောင်း၊ တစ်ဆက်တည်းမှာပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးစသည်တို့ကိုလည်း လုပ်ဆောင်ဖို့လိုကြောင်းရေးသားတင်ပြထားသည်။[၈]

၁၃။ “သတ်မှတ်ထားသော နေရာများတွင်သာ ဈေးဝယ်ခြင်း”၊ “တရုတ်နိုင်ငံ၏အကြွေးဝယ်စနစ်ဖြင့် ဝယ်ယူသွားခြင်း”၊ “တရုတ်နိုင်ငံခရီးသွားအေဂျင်စီများထံတွင် ကြိုတင်ငွေချေလာခဲ့ခြင်း” စသောကိစ္စများကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမှာဆုံးရှုံးမှုများဖြစ်လာသဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှဦးဆောင်ပြီး တရုတ်ခရီးသွားဧည့်သည်များကို စောင့်ကြည့်လေ့လာမည့်အဖွဲ့များကို ရန်ကုန်၊ မန္တလေးနှင့်ပုဂံမြို့တို့တွင်

---

[7] Zeyar Hein, Authorities crack down on zero-dollar tourists , Myanmar Times,18.12.2019 .Available from: https://www.mmtimes.com/news/authorities-crack-down-zero-dollar-tourists.html (Accepted date- 20.3.2020)
[8] http://www.paukphaw.com/ (Accepted date- 20.3.2020)

ဖွဲ့စည်းထားကြောင်းသိရသည်။ [၉] ၁၀.၁၂.၂၀၁၉ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်လတ်၏ ပြောကြားချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဒေသခံဆိုင်များအား Alipay နှင့် WeChatPay တို့မှ digital ငွေပေးချေမှုကို ခေတ္တရပ်ဆိုင်းထားရန်ညွှန်ကြားခဲ့ကြောင်း သိရသည်။ [၁၀]

**Zero- Budget နှင့် ၎င်း၏သက်ရောက်မှုများ**

၁၄။ ဈေးပေါသောတရုတ် ခရီးသွား package များသည် ငွေကြေးဆုံးရှုံးမှုများသာမက လုံခြုံရေးပြဿနာများ၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ တိုင်းပြည်၏တာဝန်ခံမှု၊ တာဝန်ယူမှုပုံရိပ်များကိုပါ ထိခိုက်လာနိုင်သည်။ အကြောင်းမှာ တရုတ်ခရီးသွား အေဂျင်စီများက ဈေးချိုသော Package Tour များစီစဉ်ရာတွင် ကုန်ကျမှုနည်းနိုင်သမျှ နည်းနိုင်စေရေးအတွက် ခရီးသွားလုပ်ငန်း၏အသက်သွေးကြောဖြစ်သော ဝန်ဆောင်မှုလုပ်ငန်းများကို လျှော့နိုင်သမျှလျှော့လာစေသည်။ ဥပမာ- ဟိုတယ်ငှားရမ်းရာတွင် အောက်ဈေးများပေးကာ ဈေးနှိမ်ငှားရမ်းပြီးနောက် ဟိုတယ်များ၏ဝန်ဆောင်မှုများကို လျှော့ချခိုင်းခြင်း၊ ဈေးပေါသောအစားအသောက်များ စီမံပေးစေခြင်းတို့ကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ပုံရိပ်ကောင်းကို ရေရှည်တွင်ထိခိုက်လာနိုင်ဖွယ်ရှိသည်။

---

[9] ညီညီသူ၊ အမြန်ဆုံးနှိမ်နင်းသင့်တဲ့ တရုတ်ဇီးရိုးဘတ်ဂျက်ခရီးသွားများ၊ ဧရာဝတီဂျာနယ်၊၂.၉.၂၀၁၉။ [Available from: https://burma.irrawaddy.com/lifestyle/travel/2019/09/02/202734.html (Accepted date- 20..3.20202)
[10] Zeyar Hein, Authorities crack down on zero-dollar tourists , Myanmar Times,18.12.2019 .Available from: https://www.mmtimes.com/news/authorities-crack-down-zero-dollar-tourists.html (Accepted date- 20.3.2020)

၁၅။ ခရီးသွားလုပ်ငန်း ကောင်းမွန်လာပါက ဒေသခံများလည်း ဝင်ငွေမြင့်တက်လာမည် ဆိုသည်မှာ သီအိုရီအရ မှန်ကန်သော်လည်း တရုတ်ခရီးသွား အေဂျင်စီများကြောင့် ဒေသခံများလည်း ဝင်ငွေမရရှိပေ။ အကြောင်းမှာ ပြည်တွင်းအမှတ်တရ ပစ္စည်းများ ရောင်းချရာတွင်လည်း ၎င်းတို့နှင့် ချိတ်ဆက်ထားသည့် ဆိုင်များတွင်သာ ခရီးသည်က ဝယ်ယူခွင့်ရှိခြင်းဖြစ်သည်။ ၎င်းတို့တည်းသောဟိုတယ်များ၊ စားသောက်ဆိုင်များမှာ မြန်မာလူမျိုးတစ်ဦးအားအမည်ခံကာ တရုတ်နိုင်ငံသား (တရုတ်နိုင်ငံ၏ဘဏ်ကဒ်ကိုင် ဆောင်ခွင့်ရှိသူ)တစ်ဦးက ဖွင့်လှစ်ထားခြင်းမျိုးဖြစ်သည်။

၁၆။ တရုတ်ခရီးသွား မြင့်တက်လာချိန်တွင် ဧည့်လမ်းညွှန်များအတွက် အလုပ်အကိုင် ကောင်းမွန်မည်ဟု မျှော်လင့်ခဲ့သော်လည်း လက်တွေ့တွင် များစွာကွာခြားနေသည်။ အကြောင်းမှာ Zero Budget Tour တွင် ခရီးစဉ် စတင်စဉ်ကတည်းက ဧည့်လမ်းညွှန်ပါ ပါဝင်နေခြင်းကြောင့် ဖြစ်သည်။ အဆိုပါ ဧည့်လမ်းညွှန်မှာလည်း အစိုးရကသတ်မှတ် ထားသည့်(သို့မဟုတ်) မြန်မာ့ခရီးသွားလုပ်ငန်းမှခန့်အပ်ထားသည့် ဧည့်လမ်းညွှန် မဟုတ်ဟုသိရသည်။ တရုတ်နိုင်ငံမှ ခရီးသွားအယောင်ဆောင်ကာ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာပြီး Guide အဖြစ်လုပ်ကိုင်ခြင်းမျိုး ဖြစ်သည်။ ပြည်တွင်းခရီးစဉ်များတွင် အဆိုပါ Guide များက ဒေသအကြောင်းရှင်းလင်းခြင်း၊ သမိုင်းဆိုင်ရာများကို ပြောကြား ခြင်း စသည်တို့ကို ဒေသခံဧည့်လမ်းညွှန်များကိုယ်စား လုပ်ကိုင်လျက်ရှိသည်။ တချို့မှာ Guide လိုင်စင်ကိုငှားပြီး လုပ်ကိုင်ကြသည်။ ထိုအခါတွင် ဒေသခံ Guide မှာ ၎င်း၏

အရည်အသွေးကိုချပြခွင့်မရဘဲ ၎င်း၏လုပ်ဆောင်ရည်ကျဆင်းလာခြင်း၊ ဝင်ငွေနည်းပါးလာခြင်း၊ ခရီးသွားများမှာလည်း သတင်းအချက်အလက်အမှားများရရှိသွားတတ်ခြင်းတို့ ဖြစ်ပေါ်လာသည်။

၁၇။ တရုတ်ခရီးသွားများ ဝင်ရောက်မှုကြောင့် ဝင်ငွေပြန်လည် ကောင်းမွန်လာမည်ဟု မျှော်လင့်ခဲ့သော်လည်း လက်တွေ့တွင်မူဖြစ်မလာခဲ့ချေ။ ဒေသခံများအတွက် တိုက်ရိုက်ဝင်ငွေရရှိနိုင်သော စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်း အရောင်းလုပ်ငန်းများတွင် ငွေပေးချေရာ၌ မြန်မာကျပ်ငွေ၊ ဒေါ်လာစသောငွေသားပေးချေမှုများကို မပြုလုပ်ကြဘဲ WeChat Pay နှင့် AliPay များကို အသုံးပြုခြင်းကြောင့် နိုင်ငံတော်မှရရှိမည့် နိုင်ငံခြားငွေလဲလှယ်မှုအခွန်အခများ၊ ဝယ်ယူသောပစ္စည်းအပေါ်မှလည်း ကုန်သွယ်ခွန်ငွေများပျောက်ဆုံးလျက်ရှိသည်။ AliPay မှာ တရုတ်နိုင်ငံမှ အလီဘာဘာ ကုမ္ပဏီက ပိုင်ဆိုင်ပြီး WechatPay မှာ တရုတ်နိုင်ငံတွင် အသုံးများသည့် အွန်လိုင်းမက်ဆေ့ချ်လုပ်ငန်းဖြစ်သည့် WeChat က လုပ်ကိုင်ခြင်းဖြစ်သည်။ WeChat Pay နှင့် AliPayတို့ကို အသုံးပြုရန်မှာ သက်ဆိုင်ရာ application ၏ account ရှိရပြီး တရုတ်နိုင်ငံမှ ဘဏ်တစ်ခုခု၏ account လည်းရှိရမည်ဖြစ်သည်။ ၂၀၁၈ခုနှစ် နောက်ပိုင်းတွင် တရုတ်ဘဏ် account မရှိလည်း AliPay ကိုအသုံးပြုနိုင်အောင် စီမံလာခဲ့သည်။ လက်ရှိ တရုတ်ခရီးသွားကုမ္ပဏီများ၏လုပ်ဆောင်နေမှုမှာ မြန်မာနိုင်ငံအား ရုပ်ပြအဖြစ်ဖြင့် လုပ်ကိုင်နေပြီး ရရှိသည့်အကျိုးအမြတ်အား ၎င်းတို့သာခံစားနေသည့်ပုံစံဖြစ်သည်။

ထိုကဲ့သို့ငွေပေးချေမှုများကြောင့် မြန်မာနိုင်ငံသည် ဝင်ငွေမည်မျှရရှိနိုင်ကြောင်း၊ မည်မျှ ဆုံးရှုံးနေကြောင်းကို အချက်အလက်များ တိတိကျကျမရရှိသေးပါ။

ပုံ(၁)။ ။ Wechat Pay နှင့် Alipay Logo




ပုံ(၂ )။ ။ Wechat Pay နှင့် Alipay ၏ ငွေလက်ခံမှု၊ ငွေးပေးချေမှု Function များ




ပုံ(၃ )။ ။ Wechat Pay နှင့် Alipay ၏ ငွေလက်ခံမှုပုံစံ




ပုံ(၄ )။ ။ Wechat Pay နှင့် Alipay ၏ ငွေးပေးချေမှုပုံစံ

## Zero Budget Tour၏ ဒုက္ခခံစားခဲ့ရသောနိုင်ငံများနှင့် ၎င်းတို့၏ဆောင်ရွက်ချက်များ

၁၈။ Zero Budget Tour များသည် ခရီးသွားများအကြိုက်အများဆုံးဖြစ်သည့် ပတ္တယား(ထိုင်း)၊ ဘာလီ(အင်ဒိုနီးရှား)၊ နီပေါနိုင်ငံနှင့် ဂျယ်ဂျူကျွန်း (တောင်ကိုးရီးယား) စသည့်နိုင်ငံများတွင် ဖြစ်ပွားခဲ့သည်။ Zero Budget Tour များသည် ဒေသခံများအတွက် အကျိုးစီးပွားအလွန်နည်းပါးစေခြင်းကြောင့် ၂၀၁၆ခုနှစ်တွင် ထိုင်းအစိုးရသည် Zero Budget Tour လည်ပတ်နေသည့် ကုမ္ပဏီ(၃)ခုကိုပိတ်ခဲ့ပြီး ခရီးသည်တင်ဘတ်စ်ကား ၂၁၅၅စီးကို သိမ်းဆည်းခဲ့သည်။[၁၁] အဆိုပါခရီးစဉ်များတွင် စီစဉ်ဆောင်ရွက်နေသူ (၂၉)ဦး ကိုလည်း ဖမ်းဆီးအရေးယူခဲ့သည်။ ဒေသခံပြည်သူများ၊ အရပ်ဖက်အဖွဲ့အစည်းများက Zero Budget Tour သည် နိုင်ငံအတွက်ထိခိုက်နစ်နာမှုများရှိပုံကို မီးမောင်းထိုးပြပြီး ထိုင်းအစိုးရ က တားဆီးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံအာဏာပိုင်များက လည်း Zero Budget Tour နှင့်ပတ်သက်၍ တရုတ်နိုင်ငံခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်စီစဉ်ခဲ့သည်။ အင်ဒိုနီးရှား ခရီးသွားအေဂျင်စီများအသင်းနှင့် တရုတ်အမျိုးသားခရီးသွားအသင်းတို့က ခရီးသွားများအတွက် လမ်းညွှန်ချက်များနှင့် တိုင်ကြားမှုများကိုကိုင်တွယ်ရန် အမည်ကောင်းနှင့် အမည်ပျက်ရှိသောခရီးသွားလုပ်ငန်း များကို စာရင်းများပြုစုထားသည်။ ဘာလီခရီးသွားလုပ်ငန်းအာဏာပိုင်များ၏ခန့်မှန်း ချက်အရ ဘာလီသို့တရုတ်ခရီးသွား ၁၀ ဦး လျှင် ၃ ဦး သည် Zero Budget ဖြင့်လာ

---

[11]Orathai Sriring, Pairat Temphairojana, Thai crackdown on 'zero dollar' Chinese tours hits Golden Week, Reuters, 7.10.2016.
https://www.reuters.com/article/us-china-tourism-goldenweek-thailand-idUSKCN1270Q3 (Accepted date- ၅.၃.၂၀၂၀)

ရောက်ကြကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ Zero Budget Tour နှင့်ပတ်သက်၍ ဖြေရှင်းပုံနည်းလမ်းမှာလည်း ထိုင်းနိုင်ငံ၏နည်းလမ်းများအတိုင်းပင်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံခရီးသွားလာရေးဝန်ကြီးဌာနကလည်း ဧည့်သည်များကိုဆွဲဆောင်ရန်အတွက်တန်ဖိုးနည်းခရီးစဉ်များကိုအသုံးပြုသောကုမ္ပဏီများအား အရေးယူရန်မကြာသေးမီကစတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ခုနှစ်တွင် နီပေါနိုင်ငံတွင်လည်း Wechatpay နှင့် Alipay တို့ကိုအသုံးပြုခွင့် တရားဝင်ပိတ်ခဲ့ပြီးဖြစ်သည်။

**ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ**

၁၉။ မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေကို ၁၉၉၀ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဥပဒေကို ၁၉၉၃ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ ဟိုတယ်နှင့်တည်းခိုခန်းများ၊ ခရီးသွားလုပ်ငန်းဧည့်လမ်းညွှန်များ၊ ကမ္ဘာလှည့်ခရီးသွားပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံတာဝန်သိခရီးသွားလာရေးမူဝါဒနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ ၂၀၁၈ခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတို့ကိုချမှတ်ခဲ့သည်။ ယခုအစိုးရလက်ထက်တွင် “ဟိုတယ်နှင့်ခရီးသွား ပြည့်စီးပွားဖွံ့ဖြိုးဝေစည်ဟန်ချက်ညီ” ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ထား၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော အမျိုးသား

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၂၆-၄-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏မူဝါဒ (၆) ရပ်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်း ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များပါဝင်ဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀။ မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများအတွက် ငွေပေးချေမှုတွင်အဆင်ပြေစေရန် International Online Payment များအနေဖြင့် Visa, Master, Union Pay များကို တရားဝင်ခွင့်ပြုထားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံ၏အဓိကအသုံးပြုလျက်ရှိသော WeChat Pay နှင့် AliPay များကို မြန်မာ့ဈေးကွက်တွင် တရားဝင်အသုံးချနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတာဝန်ရှိသူများက အဆိုပါကုမ္ပဏီ၂ခုနှင့် သွားရောက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ခုနှစ်အတွင်းတွင် မန္တလေး၊ ရန်ကုန်ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် အခြားနေရာ(၁၄)နေရာတွင် WeChat Pay ကို ခွင့်ပြုခဲ့ပြီးဖြစ်သည်။ သို့သော်လည်း အဆိုပါ

ငွေပေးချေမှုများအတွက် စောင့်ကြည့်ရန်လိုအပ်လျက်ရှိနေခြင်း၊ မြန်မာနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးနှင့် Digital Currencies ဆိုင်ရာဥပဒေပြဋ္ဌာန်းထားမှုမရှိခြင်းတို့ကြောင့် WeChat Pay နှင့် AliPay ကိုခွင့်ပြုရန်မှာ လက်ရှိကာလတွင် မဖြစ်နိုင်သေးချေ။ ထို့ကြောင့် ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ဗဟိုဘဏ်မှ WeChat Pay နှင့် AliPay အသုံးပြုမှုများကိုရပ်တန့်စေခဲ့ပြီး ငွေသားဖြင့်ပေးချေမှုများကိုသာ လုပ်ဆောင်စေ လျက်ရှိနေပါသည်။

၂၁။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေအရ လိုင်စင်မရှိဘဲညှော်လမ်းညွှန်လုပ်ငန်း ပြုလုပ်ခြင်း၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း၊ လက်ခံခြင်းများပြုလုပ်ပါက မြန်မာနိုင်ငံခရီးသွား လုပ်ငန်းဥပဒေပုဒ်မ (၃၀) ပုဒ်မခွဲ (က)၊ (ခ) အရ ကျပ်(၅)သိန်းထက်မပိုသောငွေဒဏ် ချမှတ်နိုင်သည်။

၂၂။ လိုင်စင်မရှိဘဲ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်းများပြုလုပ်ပါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ (၃၀) ပုဒ်မခွဲ (ဂ)အရ တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။

၂၃။ ဟိုတယ်လုပ်ငန်းလိုင်စင်လွှဲပြောင်းခြင်း၊ လက်ခံခြင်းပြုလုပ်ပါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ (၃၁) ပုဒ်မခွဲ (က)အရ တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်လွှဲပြောင်းခြင်း၊ လက်ခံခြင်းပြုလုပ်ပါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ (၃၁) ပုဒ်မခွဲ (ခ) အရ ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။

၂၅။ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်လွှဲပြောင်းခြင်း၊ လက်ခံခြင်းပြုလုပ်ပါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ (၃၁) ပုဒ်မခွဲ (ဂ)အရ ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။

**နိဂုံး**

၂၆။ ခရီးသွားလုပ်ငန်းသည် ဘက်စုံကဏ္ဍစုံမှအသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်လုပ်သား၊ ဒေသခံပြည်သူအစရှိသည့် လူတန်းစားအလွှာအသီးသီး ပါဝင်သောကြောင့်နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို များစွာအထောက်အကူဖြစ်စေသည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကိုအလေးပေးလုပ်ကိုင်ဆောင်ရွက်လာချိန်တွင် နိုင်ငံခြားသားဧည့်သည်များအဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရဘက်မှဖြေလျှော့မှုများ ပြုလုပ်လာခဲ့သည်။ အဆိုပါဖြေလျှော့မှုများတွင် ဈေးနှုန်းသက်သာသော Package Tour များကိုလက်ခံပေးသည်မှစ၍ ဝင်ငွေနည်းခရီးသွားများ (Zero Budget Tour) များ မြန်မာနိုင်ငံသို့အလုံးအရင်းနှင့်ဝင်ရောက်လာကြသည်။ Zero

Budget Tour များကြောင့် မိမိတို့မြန်မာနိုင်ငံမှာ ပြည်ဝင်ခွင့်အခကြေးငွေ (Visa Fee)သာ ရရှိပြီး ရရှိသင့်သောအခွန်အခများဆုံးရှုံးခြင်း၊ နိုင်ငံ၏ပုံရိပ်ကောင်းများထိခိုက်လာစေခြင်း၊ ဒေသခံများ၊ ဧည့်လမ်းညွှန်များအတွက် ဝင်ငွေများ၊ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးစေခြင်းစသော ဆုံးရှုံးမှုများရင်ဆိုင်ရလျက်ရှိသည်။ ယခုလက်ရှိပြဋ္ဌာန်းထားသော ဥပဒေအရ လက်ရှိအခြေအနေတွင် Zero Budget Tour လုပ်ဆောင်မှု၊ လုပ်ဆောင်ရန် အားပေးကူညီမှုတို့ကို ရာဇဝတ်မှုဟု မသတ်မှတ်နိုင်သေးသော်လည်း ဒေသခံများအတွက် အကျိုးအမြတ်နည်းပါးခြင်း၊ နိုင်ငံ၏အကျိုးစီးပွားထိခိုက်ခြင်းတို့အတွက်ကြောင့် အရေးယူမှုတစ်ခု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုပြုရတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

သုတေသနလုပ်ငန်းဆိုင်ရာစုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေး ဌာနကြီးအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသန၊ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး - အမျိုးသားလွှတ်တော်1G ဆောင်၊ဒုတိယထပ်

တယ်လီဖုန်း - ၀၆၇-၄၅၉၀၃၃၈၀၊ ၀၆၇-၄၅၉၀၆၆၄၊

ဖက်စ် - ၀၆၇-၄၅၉၀၃၃၈၀

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့် တစ်ပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟုသတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် (သို့မဟုတ်) ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် (သို့မဟုတ်)သတင်းအချက်အလက်များအား လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့်ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးသွားမည်ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

Email - rs.amyothhluttaw@gmail.com
research@amyotha.hluttaw.mm